(ပုံစံ - ၁၁)

# ခုံသမာဓိကောင်စီ

## ခုံအဖွဲ့၏ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃(စ) }

## ခုံအဖွဲ့

၂၀၁၄ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ် (၁၈/၂၀၁၄)

| | |
|---|---|
| ဦးရှင်ချောက်(ပိုင်ရှင်)<br>AAA ဘိလပ်မြေစက်ရုံ၊<br>ပုသိမ်ကြီးမြို့နယ်။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| မောင်ကျော်သူထွန်း၊<br>မောင်ဇေယျာလင်း(အလုပ်သမား)၊<br>ကျွဲနဖားရွာ၊ ပုသိမ်ကြီးမြို့နယ်။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၇ ရက်

## ဆုံးဖြတ်ချက်

၁။ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်ရှိ AAA ဘိလပ်မြေစက်ရုံ လုပ်ငန်းပိုင်ရှင် ဦးရှင်ချောက်နှင့် အလုပ်သမား မောင်ကျော်သူထွန်း၊ မောင်စည်သူထွန်း၊ မောင်ဇေယျာလင်း တို့ ဖြစ်ပွားကြသော အငြင်းပွားမှုတစ်ရပ်ကို မန္တလေးတိုင်းဒေသကြီးခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေး ဆုံးဖြတ်ခဲ့သည်။

၂။ မန္တလေးတိုင်းဒေသကြီးခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ်(၆/၂၀၁၄)အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၄ ခုနှစ်၊ မေလ ၃၀ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည် တောင်းဆိုသူက တောင်းဆိုခြင်းခံရသူထံတွင် မူလရာထူးဖြင့် မူလ လုပ်ကိုင်နေသည့် ပုသိမ်ကြီး AAA ဘိလပ်မြေစက်ရုံတွင် ပြန်လည်ပြောင်းရွှေ့ပေးရန် တောင်းဆိုရာမှ ဖြစ်ပွားလာသောအငြင်းပွားမှုဖြစ်သည်။

၄။ ထိုတောင်းဆိုချက်ပေါ်တွင် အဆိုပါ ခုံသမာဓိအဖွဲ့က ကောက်ချက်(၁)ချက်ရေးဆွဲပြီး အဆုံး အဖြတ်ပေးခဲ့ရာ တောင်းဆိုသူများမှ အောက်ပါကောက်ချက်အပေါ်တွင် ဆုံးဖြတ်သော ဆုံးဖြတ် ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည် -

**တောက်ချက်အမှတ်(၁)။** ဦးကျော်သူထွန်း၏ AAA ဘိလပ်မြေစက်ရုံ ပုသိမ်ကြီးပါကင် ဌာနတွင် မူလအဆိုင်းခေါင်းဆောင်ရာထူးအတိုင်း ပြန်လည်ပြောင်းရွှေ့ပေးရန်တောင်းဆိုခြင်းနှင့် ဦးဇေယျာလင်း၊ ဦးစည်သူထွန်းတို့မှ AAA ဘိလပ်မြေစက်ရုံ ပုသိမ်ကြီးသို့ ပြန်လည်ပြောင်းရွှေ့ပေးရန် တောင်းဆိုခြင်း။

**ဆုံးဖြတ်ချက်အမှတ်(၁)။** အိတ်သွပ်(ပါကင်)ဌာန၏ အလုပ်သမားအင်အား လျော့ချမည်ဆိုပါက ဦးကျော်သူထွန်း(ပါ)အလုပ်သမား(၃)ဦးအား AAA ဘိလပ်မြေစက်ရုံ(ပုသိမ်ကြီး)တွင်သာ ပြောင်းရွှေ့ရန် ဆုံးဖြတ်သည်။

၅။ မန္တလေးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် တောင်းဆိုခြင်းခံရသူ AAA ဘိလပ်မြေစက်ရုံပိုင်ရှင် ဦးရွှင်ချောက်မှ ကျေနပ်မှုမရှိသဖြင့် ခုံသမာဓိကောင်စီသို့ လျှောက်ထားလာသည့်အတွက်အလုပ်သမား အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန၏ အမိန့် ကြော်ငြာစာအမှတ် (၂၂/၂၀၁၄)ဖြင့် ခုံသမာဓိကောင်စီအမှုအမှတ် (၁၈/၂၀၁၄)ကိုကြားနာစစ်ဆေးသည့်ခုံအဖွဲ့အား အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားပါသည် -

| စဉ် | အမည် | |
|---|---|---|
| ၁။ | ဦးအောင်စံတင် | ဥက္ကဋ္ဌ |
| ၂။ | ဦးရွှေအောင် | အဖွဲ့ဝင် |
| ၃။ | ဦးရဲနိုင်ဝင်း | အဖွဲ့ဝင် |

၆။ ခုံအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အမှုတွဲကို လက်ခံရရှိပြီးနောက် ၂၇.၆.၂၀၁၄ ရက်နေ့တွင် စုံညီရုံးထိုင်၍ ပုသိမ်ကြီးမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ တင်ပြချက်၊ မန္တလေးတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ စစ်ဆေးဆောင်ရွက်ချက်များနှင့် အလုပ်ရှင်ကိုယ်စားလှယ်၏ တင်ပြချက်များ၊ အလုပ်သမား ဦးကျော်သူထွန်းနှင့် ဦးဇေယျာလင်းတို့၏ တင်ပြချက်များကို ကြားနာစစ်ဆေးခဲ့ကြပါသည်။

၇။ ခုံအဖွဲ့မှ လျှောက်ထားသူများနှင့် လျှောက်ထားခြင်းခံရသူတို့၏ ကြားနာစစ်ဆေးချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များရေးဆွဲပြီး ဆုံးဖြတ်လိုက်သည် -

**ကောက်ချက်အမှတ်(၁)။** မန္တလေးတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ ၂၀၁၄ ခုနှစ်၊ မေလ ၃၀ ရက်နေ့တွင် ချမှတ်ခဲ့သော အငြင်းပွားမှုအမှတ်(၆/၂၀၁၄) ဆုံးဖြတ်ချက်ကိုကျေနပ်မှုမရှိသဖြင့် ခုံသမာဓိကောင်စီမှ ပြန်လည်စစ်ဆေးဆုံးဖြတ်ချက်ချမှတ်ပေးပါရန် ပိုင်ရှင် ဦးရွှင်ချောက်၏ ကိုယ်စားဒုစက်ရုံမှူး ဦးတင်မောင်ဆွေက ခုံသမာဓိကောင်စီသို့ လျှောက်ထားခြင်းဖြစ်သည်။

**သုံးသပ်ချက်အမှတ်(၁)။** (က) လျှောက်ထားခြင်းခံရသူ ဦးကျော်သူထွန်းပါ(၃)ဦး အနက် ဦးစည်သူထွန်းမှာ ၎င်း၏ဆန္ဒအလျှောက် အလုပ်မှနုတ်ထွက်သွား၍ ထည့်သွင်းစဉ်းစားရန်မလိုတော့ပေ။

၂၇/၆/၂၀၁၄

(ခ) အလုပ်သမားများကို အလုပ်မဆင်းရန် လှုံ့ဆော်စည်းရုံးခေါင်းဆောင်မှုတွင် ပါဝင်ခဲ့ကြသည်ဟုအလုပ်ရှင်ဘက်မှ စွပ်စွဲမှုများသည် နှစ်ဖက်စစ်ဆေးချက်များအရ ခိုင်လုံသောအထောက်အထား မတွေ့ရှိရပေ။

(ဂ) လုပ်ငန်းလိုအပ်ချက်အရ ကျောက်ဆည်သို့ ပြောင်းရွှေ့သည့် အကြောင်းခြင်းရာမှာလည်းပြည့်စုံခိုင်လုံမှုမရှိကြောင်း တွေ့ရှိရသည်။ ၂၄.၃.၂၀၁၄ အချိန်ပိုမဆင်းသည့်ကိစ္စ၊ ၂၇.၃.၂၀၁၄ တပ်မတော်နေ့တွင် အချိန်ပိုမဆင်းသည့်ကိစ္စများမှာ ဦးကျော်သူထွန်း၏ စည်းရုံးလှုံ့ဆော်မှုကြောင့်ဟု ယူဆပြီး လုပ်ငန်းရှင်မှစိုးရိမ်၍ ပြောင်းရွှေ့ခြင်းဖြစ်သည်ဟု သုံးသပ်သည်။

(ဃ) လုပ်ငန်းသဘာဝအရ အဆိုင်း(၃)ဆိုင်းဖြင့် လည်ပတ်သည့် စက်ရုံများတွင် လုပ်ငန်းအဆိုင်းတစ်ခုလုံးက အများပြည်သူရုံးပိတ်ရက်ကို အကြောင်းပြု၍ လုံးဝအလုပ်မဆင်းခြင်းသည်လည်း မဖြစ်သင့်သည့်ကိစ္စရပ်ဖြစ်သည်။

(င) ထိုသို့ဖြစ်စဉ်များ ထပ်မံမဖြစ်ပွားစေရန်စက်ရုံတွင်းရှိ လုပ်ငန်းညှိနှိုင်းရေးကော်မတီတွင် အလုပ်ရှင်နှင့် အလုပ်သမားတို့ နှစ်ဦး၊ နှစ်ဖက်အကျေအလည်ညှိနှိုင်း၍ သဘောတူညီချက်ယူရန် လိုအပ်သကဲ့သို့ အလုပ်ရှင်၊ အလုပ်သမား သဘောတူညီချက် စာချုပ် (Employment Contract) စာချုပ်ချုပ်ဆိုခြင်းဖြင့် ပြေလည်နိုင်သည်ဟု သုံးသပ်သည်။

(စ) သို့ဖြစ်၍ AAA ဘိလပ်မြေစက်ရုံ(ပုသိမ်ကြီး)ရှိ အိတ်သွပ်(ပါကင်)ဌာန၏ အလုပ်သမားအင်အားလျှော့ချရန် လိုအပ်ပါက ဦးကျော်သူထွန်းနှင့် ဦးဖေယျာလင်းတို့အား မူလစက်ရုံအတွင်း၌ပင် ဌာနပြောင်း၍ တာဝန်ပေးသင့်ကြောင်းသုံးသပ်ရရှိသည်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** ဦးကျော်သူထွန်းနှင့် ဦးဖေယျာလင်းတို့နှစ်ဦးအား AAA ဘိလပ်မြေစက်ရုံ(ပုသိမ်ကြီး)တွင်ပင်လက်ရှိလစာနှုန်းထားဖြင့် အလုပ်ပြန်လည်ပြောင်းရွှေ့ခန့်ထားရန် ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသောနေ့ရက်မှစ၍ အာဏာတည်စေရမည်။

| | | |
|---|---|---|
| ၁၂/၆/၂၀၁၄ | ၁၂/၆/၂၀၁၄ | ၁၂/၆/၂၀၁၄ |
| ဦးမြေအောင် | ဦးအောင်စံတင် | ဦးရဲနိုင်ဝင်း |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |